CHINA · YUNNAN
HEADLINE
ဩဂုတ် ၂၈ - စက်တင်ဘာ ၃ ၂၀၁၈ Vol.103
Yunnan Daily Press Group ရန်ကုန်တိုင်းမ် THE YANGON TIMES A

"ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု-ယူနန်မှာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ"

# လေကြောင်းများစွာဖြင့် ယူနန်ပြည်နယ်မှ ကမ္ဘာထံသို့ ပျံ့သန်းဝင်ရောက်လျက်ရှိနေ




ယခုရက်ပိုင်းက သတင်းထောက်သည် ကူမင်းချန်ရွှေအပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ယူနန်လေဆိပ်ကုန်စည်စီးဆင်းမှုကုမ္ပဏီလီမိတက်၏ နိုင်ငံတကာကုန်ပစ္စည်းဂိတ်ထွက်ဇုန်သို့ သတင်းယူရန်ရောက်ရှိသည့်အခါ လုပ်သားများသည် စနစ်တကျဖြင့် Matsutake၊ လတ်ဆတ်သောပန်းမာများ၊ အီလက်ထရွန်နစ်စက်ပစ္စည်းစသည်တို့ကို ပို့ဆောင်ပေးနေသည်ကို တွေ့ရပါသည်။

"Matsutakeကို နံနက်စောစောစီးစီးခူးယူပြီး ကူမင်းက နေလေကြောင်းနဲ့ ပို့ဆောင်ရပါတယ်။ ဟိုနေ့ညပိုင်းဆိုရင် ဘန်ကောက် ဒါမှမဟုတ် တိုကျိုမြို့စတာတို့ရဲ့ထမင်းစားပွဲပေါ်ကို အရောက်ပို့ဆောင်နိုင်ပြီလေ။" Matsutake သေတ္တာများကို သယ်ဆောင်သည့် လက်ညွှန်ထိုးပြရင်း အဆိုပါကုမ္ပဏီရုံးညွှန်ကြားရေးမှူးဖြစ်သူဆွန်ချောင်းက ပြောပြပါသည်။ တစ်သေတ္တာကို (၂၅)ကီလိုဂရမ်နှုန်းဖြင့် တွက်လျှင် ပျမ်းမျှအားဖြင့်သူတို့သည် တစ်ရက်အတွင်း သေတ္တာ(၃၀၀၀)ခန့်ကို ပို့ဆောင်နိုင်မည်ဖြစ်ရာ စက်တင်ဘာလ (သို့) အောက်တိုဘာလရောက်လျှင် ပို့ဆောင်မှုပမာဏ ထပ်မံတိုးလာဦးမည်ဖြစ်ကြောင်း သိရပါသည်။

ယမန်နှစ်က ယူနန်လေဆိပ်ကုန်စည်စီးဆင်းမှုကုမ္ပဏီသည် ဝင်ထွက်သည့် လေကြောင်းလိုင်းအကြိမ်ပေါင်း (၂. ၁၆၅)သိန်းဖြစ်မြောက်ခဲ့ရာ ယခင်နှစ်တူညီသောအချိန်ကာလထက် (၁၀%) တိုးမြှင့်ခဲ့သည်။ လေဆိပ်အတွင်းကုန်တင်ကုန်ချသည့် ကုန်ပစ္စည်းပမာဏမတန်ချိန်ပေါင်း(၂. ၈၁၃)သိန်းရှိပါသည်။ ယခင်နှစ် တူညီသောအချိန်ကာလထက် (၁၃. ၄၇%)တိုးမြှင့်ခဲ့သည်။ ၎င်းအနက် နိုင်ငံတကာကုန်ပစ္စည်းပမာဏ တန်ချိန် (၄. ၃၈)သောင်းရှိကာ ယခင်နှစ်တူညီသောအချိန်ကာလထက်(၁၇၃. ၇၅%) တိုးမြှင့်ခဲ့သည်။ တိုးတက်မှုနှုန်းအကောင်အထည် ဖော်ဆောင်နိုင်သည့်အတွက်ကြောင့် ကူမင်းလေဆိပ်သည် ဗဟိုစုစည်းဖြန့်ကျက်မှု စွမ်းဆောင်ချက်ကို တိုးမြှင့်ခဲ့သည်။ "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု-လမ်းတလျှောက်ရှိ အခင်းအကျင်းအတွက် ကြီးမားသောထောက်ပံ့မှုများ ဖြစ်ပေါ်စေနိုင်ခဲ့ပါသည်။

ကိန်းဂဏန်း စာရင်းဇယားအရ ၂၀၁၇ခုနှစ် ကူမင်းလေဆိပ်သည် လေကြောင်းလိုင်းပေါင်း (၃၅၉)ကြောင်းကို ဖွင့်လှစ်ထားပြီးဖြစ်ပြီး ၎င်းအနက်ပြည်တွင်းလေကြောင်းလိုင်းပေါင်း(၂၈၀)ကြောင်း၊ နိုင်ငံတကာ လေကြောင်းလိုင်းပေါင်း (၇၆)ကြောင်း၊ ဒေသဆိုင်ရာလေကြောင်းလိုင်း(၃)ကြောင်းပါရှိကြောင်း၊ ယခုနှစ်ပထမနှစ်ဝက်အတွင်း ကူမင်းလေဆိပ်လေကြောင်းလိုင်း လွှမ်းမိုးနိုင်သောနိုင်ငံများမှာ အရှေ့တောင်အာရှနိုင်ငံ (၁၀)နိုင်ငံနှင့် တောင်အာရှနိုင်ငံ(၅)နိုင်ငံဖြစ်ပြီး တောင်အာရှနှင့် အရှေ့တောင်အာရှအထိ ပျံသန်းရောက်နိုင်သော မြို့ပေါင်း(၃၅)မြို့ရှိနေပါကြောင်း၊ လက်ရှိအချိန်တွင် တရုတ်နိုင်ငံမှအရှေ့တောင်အာရှတောင်အာရှနိုင်ငံများသို့ ဆက်သွယ်မှု ပွိုင့်အများဆုံးသောလေဆိပ်ဖြစ်လာခဲ့ပါကြောင်း၊ ယခုနှစ်ပထမနှစ်ဝက်တွင် လက်တွေ့သယ်ယူပို့ဆောင်ဆင်းသက်မှုပြီးစီးခဲ့သော လေယဉ်အစီးရေအကြိမ်ပေါင်း(၁. ၇၈၄)သိန်းရှိကာ အဝင်အထွက်ခရီးသည် သိန်းပေါင်း(၂၃၃. ၁)ဦး၊ ကုန်တင်ကုန်ချသည့် ကုန်ပစ္စည်းပမာဏတန်ချိန်ပေါင်း (၂. ၁၂၃)သိန်းရှိရာ တူညီသောအချိန်ကာလထက် တိုးမြှင့်နှုန်း (၃. ၂%)၊(၅. ၂%)နှင့် (၉. ၆%) အသီးသီးရှိပါကြောင်း သိရပါသည်။

ယခုလက်ရှိအချိန်ထိ ယူနန်ပြည်နယ်က တည်ဆောက်အသုံးပြုနေသော လေဆိပ်ပေါင်း(၁၅)ခုရှိကာ ယူနန်လေကြောင်းအုပ်စုအဖွဲ့မှ ပျံသန်းသည့်လေကြောင်းလိုင်းပေါင်း အရေအတွက်သည် ၂၀၁၂ခုနှစ်တွင် (၃၁၆)ကြောင်းမှ (၂၀၁၇) ခုနှစ်တွင်(၄၈၅)ကြောင်းထိ တိုးများလာနိုင်ခဲ့သည်။ ၎င်းအနက် ပြည်တွင်းလေကြောင်းမှာ(၂၇၂)ကြောင်းမှ(၄၀၃)ကြောင်းထိ တိုးများလာပါသည်။ နိုင်ငံတကာနှင့် တရုတ်နိုင်ငံ၏ ဟောင်ကောင်၊ မကာအိုနှင့်ထိုင်ဝမ်သို့ လေကြောင်းလိုင်းပေါင်းသည် (၄၄)ကြောင်းမှ (၈၂)ကြောင်းထိ တိုးမြှင့်လာပါသည်။

အားသာချက်မျိုးစုံကို စုပေါင်းလိုက်နိုင်သဖြင့် "ယူနန်မှကမ္ဘာထံသို့ ပျံသန်းခြင်း"သည် ပိုမိုများပြားသော လုပ်ငန်းရှင်များအတွက် ရွေးချယ်ရန်ဖြစ်လာနိုင်ခဲ့ပါသည်။ "ကူမင်းမြို့ကို ဗဟိုပြုပြီး ပတ်ပတ်လည် (၃၀၀၀)ကီလိုမီတာထဲမှာ တရုတ်နိုင်ငံရဲ့မြို့ပြအများစုနဲ့ တောင်အာရှ၊ အရှေ့တောင်အာရှနိုင်ငံအများစုကို လွှမ်းခြုံထားနိုင်ပါတယ်။ ကီလိုမီတာ (၅၀၀၀)ဆိုရင် မြောက်ပိုင်းအာရှ၊ အရှေ့အလယ်ပိုင်းစတဲ့ဒေသများကို လွှမ်းခြုံထားနိုင်ပါတယ်။"ဟု ယန်ဖန်း (Uni-top Airlinesမှ သက်ဆိုင်ရာတာဝန်ခံ)က ပြောကြားပါသည်။ အနာဂတ်တွင် သူတို့ကုမ္ပဏီသည် အာရှ၊ ဥရောပ၊ အာဖရိက၊ အမေရိကတိုက်သို့ လေကြောင်းလိုင်းကို တိုးများဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း၊ ကူမင်းအား လေကြောင်းကုန်စည်သယ်ယူကူးပြောင်းပေးသည့် ဗဟိုစင်တာ၏အကျိုးကို တဆင့်တက်ပြီး သက်ရောက်စေမည်ဖြစ်ကြောင်း သူကဆက်လက်ဖော်ပြပါသည်။ တစ်ချိန်တည်းတွင် Uni-top Airlines ကုမ္ပဏီသည် ယူနန်လေဆိပ်အုပ်စု၊ ကူမင်းအထွေထွေ အခွန်လွတ်ဇုန်တို့နှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာသဘောတူညီချက်စာချုပ်ကို လက်မှတ်ရေးထိုးချုပ်ဆိုပြီးဖြစ်သည်။ ယူနန်လေကြောင်းကွန်ရက်နှင့် တံခါးဖွင့်ပေါ်လစီအားသာချက်တို့ကို တဆင့်တက်အသုံးချကာ အခွန်ကင်းလွတ်ရေး၊ ဂိုဒေါင်သိုလှောင်ရေး၊ နိုင်ငံခြားအီးကောမာရှယ်စသည့်လုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်မည်ဖြစ်သည်။

သတင်းထောက်-လျိုကျီယွီ